# အညှီရှိရင် ယင်အုံတယ်

# ချည့်နဲ့နိုင်ငံက ကျားဖြန့်မြစ်ပွားနာ

၂၀၂၅ ခုနှစ်၊ မတ်လ



PROMOTING LEADERSHIP AND
STRENGTHENING CIVIC PARTICIPATION

မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျု

၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော မြန်မာပြည်ဖွား Think Tank အဖွဲ့ဖြစ်ပါသည်။

+၆၆ ၈၀၇ ၇၄၇ ၉၇၁၂

စာတိုက်သေတ္တာအမှတ် ၁၄၉၊ ချင်းမိုင်တက္ကသိုလ်စာတိုက်၊ ချင်းမိုင်၊ ထိုင်းနိုင်ငံ။

info@ISPMyanmar.com | www.ISPMyanmar.com

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်၌ ပြုလုပ်ခဲ့သော 'ISP နှင့်အတူ မိနစ် ၃၀' (30 Minutes with the ISP) အစီအစဉ် အမှတ်-၇ မှ ဆွေးနွေးချက်များကို စုစည်းဖော်ပြထားသည့် Recap Memo ကို ၂၀၂၅ ခုနှစ် မတ် ၁၉ ရက်တွင် မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျု (ISP-Myanmar) က ထုတ်ဝေပါသည်။

## အယူအဆမှတ်စု

**CONCEPT NOTE**

'ကျားဖြန့်'ဆိုတဲ့ တရုတ်ဝေါဟာရဟာ ဒေသတွင်းမှာ နာမည်ဆိုးနဲ့ကျော်ကြားနေပါတယ်။ နိုင်ငံဖြတ်ကျော် ရာဇဝတ်ဆင်ဒီကိတ်ဂိုဏ်းကြီးတွေက လူသောင်းချီအင်အားနဲ့ ဆောင်ရွက်နေကြတဲ့ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းပါ။ အရှေ့အာရှနဲ့ အရှေ့တောင်အာရှဒေသမှာ ဒီလိုလုပ်ငန်းတွေကြောင့် ဆုံးရှုံးရတဲ့ ငွေကြေးပမာဏက အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံကနေ ၃၇ ဘီလီယံလောက်အထိရှိတယ်လို့ ကုလသမဂ္ဂ (UNODC) ရဲ့ ၂၀၂၄ ခုနှစ် အစီရင်ခံစာက ခန့်မှန်းထားပါတယ်။ ဒေသတွင်းသာမက ကမ္ဘာတဝန်းကို လိုက်စားနေတဲ့ မြစ်ပွားနာကြီးပါ။ လူထောင်သောင်းချီဟာ ရာဇဝတ်ဂိုဏ်းတွေရဲ့ လူကုန်ကူးခံရပြီး ကမ္ဘောဒီးယား၊ လာအိုနဲ့ မြန်မာ စတဲ့ နယ်စပ်တွေမှာရှိတဲ့ ရာဇဝတ်ဂိုဏ်းတွေရဲ့ ခြံဝင်းကြီးတွေထဲမှာ ပိတ်လှောင်နှိပ်စက်၊ အဓမ္မခိုင်းစေခံနေကြရပါတယ်။

အခုဖြစ်ရပ်တွေဟာ စိုးရိမ်ထိတ်လန့်ဖွယ် အခြေအနေတခုကို ရောက်လာတာကြောင့် နှိမ်နင်းအရေးယူမှုတွေ စတင်လာခဲ့ပါတယ်။ ဒီဖြစ်ရပ်တွေဟာ စိတ်လှုပ်ရှားစရာ ရုပ်ရှင်ဇာတ်လမ်းဆန်ပါတယ်။ *'နောက်ထပ် လောင်းကစားမလုပ်တော့ပါ' (No More Bets)* ဆိုတဲ့ ရုပ်ရှင် တရုတ်နိုင်ငံမှာ လူကြိုက်များခဲ့သလို အာဏာပိုင်တွေအပေါ် လူမှုကွန်ရက်ပေါ်က ဖိအားတွေ ဆင့်လာခဲ့ပါတယ်။ မကြာပါဘူး၊ တရုတ်-မြန်မာနယ်စပ်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ စတင်စစ်ဆင်တဲ့ 'စစ်ဆင်ရေး ၁၀၂၇' ပေါ်ပေါက်လာပါတယ်။ ဒီစစ်ပွဲတွေအပြီးမှာ ရှမ်းပြည်နယ်မြောက်ပိုင်းမှာရှိတဲ့ တရုတ်နိုင်ငံသား ငါးသောင်းကျော်ကို ဖမ်းဆီးပြီး တရုတ်နိုင်ငံလက်ကို အပ်ခဲ့ပါတယ်။

တခါ ဒီနှစ်ထဲတော့ ဝမ်ရှင်း (Wang Xing)ဆိုတဲ့ နာမည်ကျော်ဆယ်လီ တရုတ်မင်းသား တဦး ထိုင်း-မြန်မာနယ်စပ်က နယ်ခြားစောင့်တပ် (BGF) ထိန်းချုပ်ရာ ရွှေကုက္ကို၊ KK Park စတဲ့ လောင်းကစားမြို့တော်မှာ ပြန်ပေးဆွဲခံခဲ့ရပါတယ်။ ဒါလည်း စိတ်လှုပ်ရှားဖွယ် ပြဇာတ်ဆန်နေပါတယ်။ ထိုင်းနိုင်ငံအကူအညီနဲ့ ပြန်လည်လွတ်မြောက်လာပြီးတဲ့နောက် ဒီဒေသဟာ အများအာရုံထဲမှာ မီးမောင်းထိုးပြစရာ ရာဇဝတ်မြို့တော်အဖြစ် ထင်ရှားလာခဲ့ပါတယ်။ တရုတ်နှစ်သစ်ကူးကာလထဲမှာပဲ ပြည်သူ့လုံခြုံရေး လက်ထောက်ဝန်ကြီး လျိုကျုံးယီ (Liu Zhongyi) ထိုင်းနိုင်ငံကို ရောက်လာခဲ့ပါတယ်။ အဲဒီနောက်မှာတော့ မြန်မာ၊ ထိုင်းနဲ့ လာအိုနိုင်ငံတို့အကြားက ကျားဖြန့်လုပ်ငန်းတွေကို အင်နဲ့အားနဲ့နှိမ်နင်းဖို့ ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေးတွေ စတင်ခဲ့ပါတယ်။ ထိုင်းနိုင်ငံဟာ မြန်မာဘက်ခြမ်းက မြို့တချို့ကို လျှပ်စစ်မီး၊ ဆက်သွယ်ရေးနဲ့ လောင်စာဆီတွေကို ဖြတ်တောက်ခဲ့ပါတယ်။ အခုတော့ နယ်စပ်က ▶

▶ ကရင်အဖွဲ့ BGF ခေါင်းဆောင်တွေဟာ အရေအတွက်ထောင်ချီတဲ့လူတွေကို ဖမ်းဆီးတာ၊ အဓမ္မခိုင်းစေခံရတဲ့ ဓားစာခံတွေကို ပြန်ပို့ပေးတာတွေ လုပ်လာခဲ့ပါပြီ။

ကျားဖြန့်နှိမ်နင်းရေးနဲ့ပတ်သက်လို့ မြန်မာနိုင်ငံမြောက်ပိုင်းမှာ ဖြစ်ခဲ့တာနဲ့ အခုတောင်ပိုင်းမှာ ဖြစ်နေတာတွေက အများကြီး ကွာခြားပါတယ်။ တရုတ်နိုင်ငံနဲ့ထိစပ်နေတဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းမှာတော့ တိုင်းရင်းသားအဖွဲ့တွေရဲ့ ထိုးစစ်ကြီးတွေ ဖြစ်ပေါ်လာခဲ့ပြီး မြန်မာစစ်တပ် မရှုမလှရှုံးနိမ့်ခဲ့ပါတယ်။ လောင်းကစားမြို့တော် ရွှေကုက္ကိုနဲ့ KK Park တို့ဟာ ထိုင်းနိုင်ငံနဲ့ထိစပ်နေပြီး ပတ်သက်နေကြတဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေရဲ့ နိုင်ငံရေးကလည်း ရှုပ်ထွေးပါတယ်။ တရုတ်နိုင်ငံက တိုက်ရိုက်ဝင်ရောက်စွက်ဖက်ဖို့လည်း ခက်ခဲပါတယ်။ ဒီဖြစ်စဉ်ကို ကိုင်တွယ်တဲ့အခါ တချို့တွေက ခေါင်းရှောင်းခံရ၊ ထိုးချခံရတာတွေ ဖြစ်နိုင်သလို၊ အခန့်မသင့်ရင် ပထဝီနိုင်ငံရေး အင်အားပြိုင်ဆိုင်မှု ပြင်းထန်လာနေတဲ့ အခုလိုကာလမှာ မြန်မာနယ်စပ်ဟာ နိုင်ငံတကာရဲ့ ကစားကွင်းကြီး ဖြစ်လာနိုင်ပါတယ်။

ကျားဖြန့်မြစ်ဖွားနာပြဿနာရဲ့ အရင်းခံက ဥပဒေကင်းမဲ့နေမှုနဲ့ ချည့်နဲ့တဲ့ နိုင်ငံတော်ရဲ့ ယန္တရားတွေနဲ့လည်း ဆက်စပ်နေပါတယ်။ 'အညီရှိရင် ယင်အုံ'ဆိုတဲ့ စကားပုံလို တရားဥပဒေစိုးမိုးမှု ပျက်ပြားနေတဲ့ လုပ်ကွက်လုပ်ကွင်းနေရာတွေကို ကျားဖြန့်ဆင်ဒီကိတ်ဂိုဏ်းတွေက ရှာဖွေနေကြပါတယ်။ လက်ရှိ နိုင်ငံတကာရဲ့ ပူးပေါင်းနှိမ်နင်းရေး လုပ်ငန်းတွေက ဖြင့် အိမ်သန့်ရှင်းရေးလုပ်တဲ့ သဘောလောက်သာ ဖြစ်နေနိုင်ပါတယ်။ အမြစ်ပြတ်သုတ်သင်ဖို့ဆိုရင် ဒီထက်ပိုပြီး အားစိုက်ဖို့၊ နိုင်ငံရေးဆန္ဒရှိကြဖို့နဲ့ သက်ဆိုင်ရာနိုင်ငံတွေရဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းတွေနဲ့ပါ ဆက်နွှယ်ပတ်သက်နေပါတယ်။

ကျားဖြန့်လုပ်ငန်းတွေဟာ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုတွေပါ။ ဒါပေမဲ့ ကာလတခုကျရင် ရေခံမြေခံ အခြေအနေအပေါ်မူတည်ပြီး နိုင်ငံရေးအကျပ်အတည်းလည်း ဖြစ်ပေါ်လာနိုင်ပါတယ်။ ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း သက်ဆင်က ထိုင်း-မြန်မာနယ်စပ်က ကောစင်တာတွေအရေးကိုသုံးသပ်ရာမှာ 'ရေသောက်မြစ်ကိုမကိုင်တွယ်ဘူးဆိုရင် အခုပြဿနာက နိဂုံးချုပ်နိုင်မှာ မဟုတ်ဘူး' လို့ ဆိုခဲ့ပါတယ်။ ပြဿနာအတိုင်းအဆနဲ့ ပါဝင်ပတ်သက်နေတဲ့ အင်အားစုတွေကြောင့် 'နိုင်ငံရေးအကျပ်အတည်း' တခုလို ဖြစ်ပေါ် လာခဲ့ပါတယ်။


အခု ကျားဖြန့်မြစ်ဖွားနာတိုက်ဖျက်ရေးဟာ ရုပ်ရှင်ရိုက်နေတာ မဟုတ်သလို၊ နိုင်ငံတခုတည်းက ကိုင်တွယ်နှိမ်နင်းနိုင်ဖို့လည်း ခက်ခဲပါမယ်။ မိကျောင်းခေါင်းထုကစားပွဲလို ဟိုနားထု ဒီနားပေါ် ဆက်ဖြစ်နေဦးမှာပါ။ ချည့်နဲ့နိုင်ငံတခုအဖို့ ပြည်တွင်းစစ်ပြင်းထန်ဆဲ နိုင်ငံတခုအဖို့ လှိုက်စားနေမယ့် မြစ်ဖွားနာဖြစ်ပါတယ်။ ဒီအကြောင်းတွေကို **'ISP နဲ့အတူ မိနစ် ၃၀'** စကားဝိုင်းမှာ ဆွေးနွေးခဲ့ကြပါတယ်။ ■

ISP နှင့်အတူ မိနစ် ၃၀

# 30 MINUTES with the ISP

## အညှီရှိရင် ယင်အုံတယ်


# ချည့်နဲ့နိုင်ငံက ကျားဖြန့်မြစ်ပွားနာ




**ရည်မွန်**
Program Assistant
China Studies Program
ဆွေးနွေးသူ



**ရဲရင့်**
Program Assistant
Conflict, Peace and Security Program
ဆွေးနွေးသူ




**အေးချမ်း**
Program Assistant
China Studies Program
ဆွေးနွေးသူ



**စုလင်းဟန်**
Program Assistant
Communications Department
အခမ်းအနားမှူး

---

ယခုအစီအစဉ်ကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြုလုပ်ခဲ့ပြီး ISP ကပြင်ရပ်ဝန်းသူ ရပ်ဝန်းသားများ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးမှုရုပ်သံဖိုင်ကို ISP-Myanmar ၏ YouTube Channel တွင် ပြန်ကြည့်နိုင်ပါသည်။ အပတ်စဉ် တနင်္လာနေ့ နံနက် ၁၁ နာရီ ၃၀ မိနစ်နှင့် ဗုဒ္ဓဟူးနေ့ည ၇ နာရီ ၃၀ မိနစ်တို့တွင် DVB ရုပ်သံလိုင်းကလည်း ထုတ်လွှင့်နေပါသည်။



**စုလင်းဟန်**
Program Assistant
Communications Department
အခမ်းအနားမှူး

**'ISP နှင့်အတူ မိနစ် ၃၀'** အစီအစဉ်ကို တက်ရောက်လာကြတဲ့ ကပြင်ရပ်ဝန်းသူ ရပ်ဝန်းသားအားလုံး မင်္ဂလာပါ။ ကျမကတော့ စုလင်းဟန်ဖြစ်ပါတယ်။ ဒီနေ့အစီအစဉ်မှာ အခမ်းအနားမှူးအဖြစ် ပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီနေ့ကတော့ **'ISP နှင့်အတူ မိနစ် ၃၀'** အစီအစဉ်ရဲ့ **ခုနစ်ကြိမ်မြောက်**အစီအစဉ်ပဲဖြစ်ပါတယ်။ **'အညှီရှိရင် ယင်အုံတယ် - ချည့်နဲ့နိုင်ငံက ကျားဖြန့်မြစ်ပွားနာ'** ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်ရှင့်။

အခုဆွေးနွေးပွဲမှာ ပါဝင်ဦးဆောင်ဆွေးနွေးသွားမယ့် panelist တွေကတော့ ISP-Myanmar ရဲ့လူငယ်သုတေသီတွေဖြစ်ကြတဲ့ မရည်မွန်၊ ကိုအေးချမ်းနဲ့ ကိုရဲရင့်တို့ပဲ ဖြစ်ပါတယ်။ Panelist တွေရဲ့ ပါဝင်ဆွေးနွေးမှုအပြီးမှာ ကျမတို့ ကပြင်ရပ်ဝန်းသူ၊ ရပ်ဝန်းသားတွေဆီကနေ ကြိုတင်ကောက်ယူထားတဲ့ မေးခွန်းတွေအပြင် အခုဆွေးနွေးပွဲကို တက်ရောက်လာသူတွေရဲ့ မေးခွန်းနဲ့ မှတ်ချက်တွေကို လက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင့်။ Live ဒါမှမဟုတ် chat box နဲ့ Q&A ကနေလည်း မေးခွန်းနဲ့ မှတ်ချက်တွေကို ပေးပို့ထားနိုင်ပါတယ်။ အစီအစဉ်အချိန်အကန့်အသတ်ကြောင့် ပွဲစဉ်အတွင်းမှာ မဖြေလိုက်ရတဲ့ မေးခွန်းနဲ့ မှတ်ချက်တွေကို ကျမတို့ နောက်ပိုင်းမှာ Email ကနေတဆင့် ပြန်လည်ပေးပို့ဖြေကြားသွားပါ့မယ်ရှင့်။ မေးခွန်းနဲ့ မှတ်ချက်တွေမှာ သတိပြုဖို့ကတော့ လူမျိုး၊ ဘာသာ၊ ကျား-မ လိင်ခံယူမှု၊ နိုင်ငံရေးအမြင်မတူညီမှု စတာတွေအပေါ်မှာ ချိုးနှိမ်စော်ကားတဲ့ အမုန်းစကားတွေ မပါဝင်ဖို့ပဲ ဖြစ်ပါတယ်။ ဒီအချက်တွေကို ကျမတို့ chat box ကနေလည်း ပေးပို့ထားပါတယ်ရှင့်။

ဒီနေ့ဆွေးနွေးပွဲအစီအစဉ်ကို DVB ရုပ်သံသတင်းဌာနနဲ့ ISP-Myanamar ရဲ့ website နဲ့ social media တွေမှာလည်း ပြန်လည်ထုတ်လွှင့်သွားမှာဖြစ်ပါတယ်။ ဟုတ်ကဲ့ ဆွေးနွေးပွဲအစီအစဉ် စတင်ပါတော့မယ်ရှင့်။ ကိုရဲရင့်က စပြီးဆွေးနွေးပေးပါဦးရှင့်။



**ရဲရင့်**
Program Assistant
Conflict, Peace and Security Program
ဆွေးနွေးသူ

ဒီနေ့ **'ISP နဲ့အတူ မိနစ် ၃၀'** အစီအစဉ်ကို တက်ရောက်လာကြတဲ့ မိတ်ဆွေများ အားလုံး မင်္ဂလာပါခင်ဗျ။ အခုလို အချိန်ပေးတက်ရောက်ကြတာကိုလည်း ကျေးဇူးတင်ကြောင်း ကျနော် ကနဦး ပြောလိုပါတယ်။ ဒီနေ့မှာတော့ ထိုင်း-မြန်မာ နယ်စပ်မှာရှိတဲ့ ကျားဖြန့်လုပ်ငန်းတိုက်ဖျက်ရေးနဲ့ပတ်သက်ပြီးတော့မှ ဒီလုပ်ငန်းတွေရဲ့ သက်ရောက်မှုတွေကို ကျနော်တို့ အပိုင်းသုံးပိုင်းခွဲပြီး ဆွေးနွေးသွားပါမယ်။ ပထမဆုံးအနေနဲ့ ကျနော်က မြဝတီမှာရှိတဲ့ ကျားဖြန့်လုပ်ငန်းတွေရဲ့ သဘောသဘာဝနဲ့ မြဝတီဒေသ ကျားဖြန့်တိုက်ဖျက်ရေးလုပ်ငန်းတွေဟာဆိုရင် ဇာတ်လမ်းဆန်ဆန် ပုံဖော်ဖန်တီးမှုတွေနဲ့ လမ်းလွဲနေတဲ့အကြောင်းကို ကနဦးဆွေးနွေးချင်ပါတယ်။

အွန်လိုင်းကနေ လိမ်လည်တာ၊ လူကုန်ကူးတာ၊ ကျွန်ပြုတာတွေရဲ့ အသိုက်အမြုံဖြစ်တဲ့ ဒီကျားဖြန့်လုပ်ငန်းတွေဟာဆိုရင် ကျနော်တို့မြန်မာနိုင်ငံထဲမှာ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်းမှာ အရှိန်အဟုန်နဲ့ကြီးထွားလာတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံထဲမှာ ဝင်ရောက်နေတဲ့ ကျားဖြန့်လုပ်ငန်းတွေရဲ့ သဘောသဘာဝကို လေ့လာကြည့်မယ်ဆိုရင် အခြေခံအားဖြင့် အချက်သုံးချက်ကို သွားတွေ့ရပါတယ်။ ဒါတွေကတော့ ဒီကျားဖြန့်လုပ်ငန်းတွေရဲ့ ဒေါက်တိုင်တွေဖြစ်တဲ့ တရားဥပဒေစိုးမိုးမှုအားနည်းတဲ့ နယ်မြေ၊ လုံခြုံရေးပေးနိုင်တဲ့ လက်နက်ကိုင်တပ်နဲ့ လူကုန်ကူးရလွယ်တဲ့ နယ်စပ်ဒေသတွေမှာ အခြေတည်ခြင်းပါ။ ဆိုတော့ ဒီကျားဖြန့်လုပ်ငန်းတွေဟာဆိုလို့ရှိရင် သူတို့ကို ထောက်ပံ့ကျားကန်ပေးထားတဲ့ ဒေါက်တိုင်တခုခုက ယိုင်လာပြီဆိုလို့ရှိရင်တော့ ပြည်တွင်းကို စိမ့်ဝင်လာတာမျိုးဖြစ်စေ၊ ဒါမှမဟုတ်လို့ရှိရင် နယ်စပ်ဖြတ်ကျော်ပြီး တခြားနေရာဒေသတခုကိုဖြစ်စေ သွားပြီးတော့ အခြေတည်ပြီးတော့မှ သူတို့ဆက်လက်ရှင်သန်နိုင်ဖို့ လုပ်ဆောင်လေ့ရှိကြပါတယ်။

ကျနော်တို့ ပြန်ကြည့်ရမယ်ဆိုရင် 'စစ်ဆင်ရေး ၁၀၂၇'နဲ့အတူ တရုတ်ရဲ့ကျားဖြန့်နှိမ်နင်းရေးတွေနောက်မှာ ကိုးကန့်နဲ့ 'ဝ'ဒေသမှာရှိတဲ့ ကျားဖြန့်လုပ်ငန်းတွေ ပြိုလဲသွားတယ်ဆိုပေမဲ့ တကယ်တော့ သူတို့လုပ်ငန်းကြီး ပြိုလဲသွားတာမျိုး မဟုတ်ပါဘူး။

နောက်ထပ်ရေခံမြေခံကောင်းတဲ့ ဒေသတခုကို ရွှေ့ပြောင်းပြီးမှ အခြေတည်ပြီး လုပ်ဆောင်ကြတာမျိုးပါ။ အထူးသဖြင့်တော့ မြဝတီလို နဂိုအထိုင်ရှိပြီးသား ဒေသတွေမှာ 'စစ်ဆင်ရေး ၁၀၂၇' နောက်ပိုင်းမှာတော့ ကျားဖြန့်လုပ်ငန်းတွေက ပိုပြီးကြီးထွားလာခဲ့ပါတယ်။ ထိုင်း-မြန်မာနယ်စပ် မြဝတီဒေသမှာရှိတဲ့ ကျားဖြန့်လုပ်ငန်းစုလို့ ပြောမယ်ဆိုလို့ရှိရင်တော့ ဗိုလ်မှူးကြီး စောချစ်သူရဲ့ BGF ဒေသဖြစ်တဲ့ ရွှေကုက္ကိုဒေသကို အများစုက အရင်ဆုံးပြေးမြင်မိကြပါတယ်။ တကယ်တော့ ဒီရွှေကုက္ကိုဆိုတာထက် ကျားဖြန့်လုပ်ငန်းတွေက မြဝတီနယ်တခုလုံးမှာ ဖြန့်ကြက်ပြီး တည်ရှိတာလို့ ပြောရင်တော့ ပိုမှန်ပါတယ်။

ISP နှင့်အတူ မိနစ် ၃၀
30 MINUTES with the ISP

အညီ့ရှိရင် ယင်အုံတယ်
ချည်နဲ့နိုင်ငံက ကျားဖြန့်မြစ်ဟူးနာ


ဆွေးနွေးမှုဗီဒီယိုဖိုင်ကို
ISP YouTube Channel မှာ ကြည့်ရှုနိုင်ပါတယ်။
အခုအစီအစဉ်ကို အပတ်စဉ်
တနင်္လာနေ့ မနက် ၁၁း၃၀ နာရီနဲ့
ဗုဒ္ဓဟူးနေ့ ည ၇း၃၀ နာရီအချိန်တွေမှာ
DVB ရုပ်သံလိုင်းကလည်း ထုတ်လွှင့်ပေးနေပါတယ်။

# မြဝတီဒေသရှိ ကျားဖြန့်လုပ်ငန်းများ



ISP Myanmar

ကျားဖြန့်လုပ်ငန်းများသည် မြဝတီမြို့မြောက်ဘက်ရှိ ရွှေကုက္ကိုတွင်သာမက မြို့တောင်ဘက်တွင်ရှိသော မယ်ထော်သလေး၊ အင်ကြင်းမြိုင်၊ ကျောက်ခတ်နှင့် ဝေါလေမြိုင်တို့၌လည်း ပျံ့နှံ့တည်ရှိနေသည်။ ထို့အပြင် မြဝတီမြို့ပေါ်တွင်လည်း ကျားဖြန့်အလုပ်ရုံများ တည်ရှိနေသည်။ ကျားဖြန့်လုပ်ငန်းအများစုသည် မြန်မာ-ထိုင်း နယ်စပ်တလျှောက်တွင် အခြေပြုတည်ထားကြသည်။




၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်အထိ သိရှိရသော အချက်အလက်များဖြစ်သည်။ ISP-Myanmar ၏ သုတေသနပြုလေ့လာချက်များအပေါ် အခြေခံထားပြီး ဒေတာရရှိမှု အကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။

ကျနော်တို့ ပြထားတဲ့ ပုံကိုကြည့်ရင်လည်း တွေ့နိုင်ပါတယ်။ ရွှေကုက္ကိုဆိုတာက မြဝတီမြို့ရဲ့ မြောက်ဘက်မှာရှိတဲ့ မြို့သစ်စီမံကိန်း အမည်တပ်ထားပြီး ကျားဖြန့် လုပ်ငန်းတွေ အခြေစိုက်တဲ့နေရာတခုပဲ ဖြစ်ပါတယ်။ အဲဒီဟာအပြင်ကိုမှ မြဝတီမြို့တောင်ဘက်မှာရှိတဲ့ မယ်ထော်သလေး၊ အင်ကြင်းမြိုင်၊ ကျောက်ခတ်နဲ့ ဝေါလေ မြိုင်ဘက်တွေမှာလည်း ကျားဖြန့်အသိုက်အမြုံတွေ ပျံ့နှံ့တည်ရှိနေတာပါ။ ဒါတွေ သာမကဘဲ ကျားဖြန့်လုပ်ငန်းတွေဟာဆိုရင် မြဝတီမြို့ပေါ်မှာကို လိုင်စင်ရလုပ်ငန်း တွေလိုမျိုး မင်းမူတည်ရှိနေတာမျိုးပါ။ ကျနော်တို့ပြန်ပြောရမယ်ဆိုလို့ရှိရင် မြဝတီနဲ့ ကျားဖြန့်ဟာ 'ငါးပိနဲ့ လောက်'လိုပဲ အတူယှဉ်တွဲပြီးရှိနေတဲ့ ပုံစံမျိုးပဲ ဖြစ်ပါတယ်။

မြဝတီဒေသမှာ အရပ်စကားနဲ့ဆိုလို့ရှိရင် ဒီကျားဖြန့်လုပ်ငန်းတွေကို တရုတ်ဆိုက် လို့လည်း ခေါ်ကြပါတယ်။ ဒီလိုတရုတ်ဆိုက်အမည်ခံထားတဲ့ ကျားဖြန့်လုပ်ငန်း တွေဟာ ဒေသတခုကို စဝင်လာတဲ့အခါမှာ ရာဇဝတ်ဂိုဏ်းတွေရဲ့ ထုံးစံအတိုင်းပဲ ဒေသဖွံ့ဖြိုးရေးလုပ်ပေးမယ်၊ ကာစီနိုရုံတွေ ဖွင့်မယ်ဆိုတာမျိုးနဲ့ စဝင်လာတာပေါ့ နော်။ အဲဒီနောက်ပိုင်းမှာမှ အဓိကပင်မ ဝင်ငွေရှာတဲ့လုပ်ငန်းဖြစ်တဲ့ ကျားဖြန့်ကို ဆွဲသွင်းလာတဲ့ ပုံစံမျိုးပဲဖြစ်ပါတယ်။ တချို့ကျတော့လည်း အရှေ့မှာ ကာစီနိုကို ဗန်းပြပြီး အနောက်မှာ ကျားဖြန့်လုပ်ငန်းကို လုပ်ကိုင်ကြပေမဲ့ တချို့ကျတော့လည်း လုံးဝကို ကျားဖြန့်သီးသန့်ပဲ လုပ်ကိုင်ကြတာမျိုးပါ။ ဆိုတော့ ဒီလုပ်ငန်းတွေ အခြေ စိုက်ဖို့ဆိုရင် အဲဒီဒေသမှာ အာဏာရှိတဲ့ DKBA၊ BGF တို့လို လက်နက်ကိုင်တပ် တွေနဲ့ပေါင်းပြီးတော့ မြေငှားရမ်းတာ၊ အဆောက်အအုံတွေကို အကျိုးတူဆောက် တာ၊ ပြီးတဲ့အခါမှာ လုံခြုံရေးပေးတာ စတဲ့လုပ်ငန်းတွေကို အတူတူတွဲလုပ်ပြီး အကျိုးအမြတ်ခွဲယူကြပါတယ်။ ဆိုတော့ ဒီရာဇဝတ်ဂိုဏ်းတွေနဲ့ အဲဒီဒေသမှာရှိတဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေက စီးပွားဖက်၊ အကျိုးအမြတ်ခွဲယူတဲ့ ပါတနာတွေ ဖြစ်လာ ပါတယ်။ ရှမ်းမြောက်မှာဆိုရင် ဒီလိုအခြေအနေမျိုးကို မြင်ခဲ့ရပြီးပါပြီ။ မြဝတီ ဒေသမှာဆိုလို့ရှိရင် ကျားဖြန့်လုပ်ငန်းတွေမှာလည်း BGF၊ DKBA သာမကဘဲနဲ့ စစ် ကောင်စီနဲ့ KNU ထဲက တချို့ကလည်း ထဲထဲဝင်ဝင်ပါဝင်ပတ်သက်မှုတွေ ရှိနေတယ် လို့ သတင်းတွေ ကြားသိရပါတယ်။

ဒါပေမဲ့ ဒီနေရာမှာ ကျနော်တို့ အချိတ်အဆက်ပျောက်နေတာတခုက ကျားဖြန့် ကွန်ရက်တခုလုံးရဲ့ ပင်မပိုင်ရှင်ပါ။ ဒီရာဇဝတ်ဂိုဏ်းတွေရဲ့ သဘောသဘာဝအတိုင်း ပဲ၊ အလုပ်လုပ်ကိုင်တဲ့အခါမှာ သူတို့အောက်ခြေမှာရှိတဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေ နဲ့ သူတို့နဲ့ ပတ်သက်ဆက်နွယ်နေတဲ့ ကွန်ရက်တွေနဲ့ပဲ လည်ပတ်ကြပါတယ်။ အဲဒီ အတွက်ကြောင့်မို့လို့ ကျားဖြန့်တခုလုံးရဲ့ပင်မပိုင်ရှင်၊ နောက်ကွယ်ကပိုင်ရှင်ဟာဆို ရင် ပုန်းလျှိုးနေတာကို သတိပြုဖို့ လိုပါတယ်။

ပြန်ကြည့်ရမယ်ဆိုရင် တကယ်တော့ ကျားဖြန့်လုပ်ငန်းတွေက မြန်မာနိုင်ငံထဲမှာ စစ်အာဏာမသိမ်းခင်ကတည်းက ရှိနေတာပါ။ အာဏာသိမ်းပြီးနောက်ပိုင်းမှာမှ တဖြည်းဖြည်းတွင်ကျယ်လာတဲ့ သဘောမျိုးပါပဲ။ ကျနော်တို့ ISP-Myanmar ကလည်း ဒါကို ထောက်ပြခဲ့ဖူးပါတယ်။ အာဏာသိမ်းမှုအလွန် မြန်မာနိုင်ငံဟာ နိုင်ငံဖြတ်ကျော်မှုခင်းတွေ အခြေတည်ရာနိုင်ငံတခု ဖြစ်လာတယ်ဆိုပြီး ရေးခဲ့တာပါ။ 'စစ်ဆင်ရေး ၁၀၂၇' ဖြစ်ချိန်မှာတော့ ကျားဖြန့်ကိစ္စက အရင်ကထက် ပိုပြီးတော့မှ ဟိုလေးတကျော် ကျယ်ကျယ်လောင်လောင်ဖြစ်လာတဲ့ သဘောမျိုးပါပဲ။ ဒါပေမဲ့ အဲဒီအချိန်တုန်းကလည်း စစ်ကောင်စီက ဒီပြဿနာကို ကြက်မွေးနဲ့ သပ်သလိုမျိုး လုပ်ခဲ့တာမို့ ရေလိုက်လွဲခဲ့ပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ အကျိုးဆက်က ဘာတွေဖြစ်ခဲ့သလဲဆိုတာ အားလုံးအသိပါပဲ။

ဒါပေမဲ့ အခုနှစ်အစပိုင်းမှာတော့ တရုတ်နိုင်ငံသား ဝမ်ရှင်းလို့ အမည်ရတဲ့ မော်ဒယ်သရုပ်ဆောင်မင်းသား မြန်မာ-ထိုင်းနယ်စပ်မှာ ရုတ်တရက်ပျောက်ဆုံးသွားပြီးတော့ မြဝတီဘက်က ကျားဖြန့်လုပ်ငန်းတခုမှာ ပြန်တွေ့ခဲ့ရတဲ့ အချိန်မှာတော့ မြဝတီကျားဖြန့်နှိမ်နင်းရေးအသံတွေဟာ တဖန် ပိုပြီးတော့မှ ကျယ်လောင်လာခဲ့ပါတယ်။ ဒီတကြိမ်မှာတော့ တရုတ်နိုင်ငံက ပိုပြီးတော့မှ ထဲထဲဝင်ဝင် ပါလာတဲ့ပုံစံမျိုးနဲ့ပါ။ တရုတ်အစိုးရရဲ့ ပြည်သူ့လုံခြုံရေးဆိုင်ရာ ဒုတိယဝန်ကြီး မဲဆောက်အထိရောက်လာတယ်။ အဲဒီဟာအပြင်ကိုမှ တရုတ်သမ္မတနဲ့ ထိုင်းဝန်ကြီးချုပ်တို့ ဘေဂျင်းမှာ မတွေ့ခင်တရက်အလိုမှာ ထိုင်းဘက်ကနေ မြန်မာဘက်ကို ပေးနေတဲ့ လျှပ်စစ်မီးနဲ့ လောင်စာဆီတွေ ဖြတ်တောက်လိုက်တာမျိုးတွေ၊ အဲဒီခရီးစဉ်အတွင်းမှာပဲ BGF ဘက်ကနေမှ ထိုင်းဘက်ကို မြဝတီကျားဖြန့်သားကောင်တွေကို လွှဲပေးခဲ့တဲ့ဖြစ်စဉ်မျိုးတွေ ရှိခဲ့ပါတယ်။ ဆိုတော့ ဒီဖြစ်ရပ်တွေကို ပြန်ပြီးတော့မှ သုံးသပ်ကြည့်မယ်ဆိုရင် လူစိတ်ဝင်စားဖွယ်၊ ဇာတ်ညွှန်းကောင်းကောင်း၊ ဇာတ်အိမ်ခိုင်ခိုင်နဲ့ အခန်းဆက်ရိုက်ကူးထားတာကို ကြည့်နေရသလိုပါပဲ။ အဲဒီနောက်ပိုင်းမှာ BGF သာမကဘဲ DKBA ကပါ ထိုင်းဘက်ကို ကျားဖြန့်သားကောင်တွေ တသုတ်ပြီးတသုတ် လွှဲပေးလာတာ၊ ဒီကိစ္စရပ်တွေမှာ ဗိုလ်မှူးကြီး စောချစ်သူကို မြဝတီကျားဖြန့်ဇာတ်လိုက်မင်းသားကြီးအဖြစ် ပုံဖော်လာတာတွေက ဆက်တိုက်လို ဖြစ်လာတာပါ။

ဒီဖြစ်စဉ်တခုလုံးကို ပြန်ပြီးခြုံငုံကြည့်ရမယ်ဆိုရင် မြဝတီကျားဖြန့်နှိမ်နင်းရေးဇာတ်လမ်းဟာ အချိန် နှစ်လအတွင်းမှာကိုပဲ တကယ့်ကိုလျင်လျင်မြန်မြန်နဲ့ ဒရာမဆန်ဆန် ဖြစ်လာနေတာပါ။ ဒါ့အပြင် ဒီဇာတ်လမ်းတွေကို အများသူငါ ကြိုက်နှစ်သက်ဖွယ် ဒါမှမဟုတ် သည်းထိတ်ရင်ဖို ဇာတ်လမ်းသဖွယ်နဲ့ ပုံဖော်ဖန်တီးနေကြတာဟာ တကယ်တမ်းတော့ ဒီပြဿနာရဲ့ ဇာစ်မြစ်ကနေ အဝေးကို ဆွဲခေါ်သွားနေ ▶

သလိုပါပဲ။ ပြဿနာတွေကို ဒီလို ပုံဖော်ဖန်တီးနေကြတာဟာ မှန်ကန်ရဲ့လား၊ တကယ်ရော ပြဿနာကို ပြေလည်သွားစေနိုင်ရဲ့လားဆိုတာမျိုးကို စောကြောဖို့ လိုအပ်ပါတယ်။ ဆိုတော့ တရုတ်နယ်စပ်မှာလုပ်ခဲ့တဲ့ ကျားဖြန့်နှိမ်နင်းရေးမှာ တော့ ၁၀၂၇ ဆိုတဲ့ စစ်ဆင်ရေးနဲ့အတူ နိုင်ငံရေး၊ စစ်ရေးချိန်ခွင်လျှာ အပြောင်း အလဲတွေ များစွာဖြစ်ခဲ့တာကို ကျနော်တို့ တွေ့ခဲ့ရပြီးပါပြီ။ ဒီတခါ ထိုင်းနယ်စပ်က ကျားဖြန့်တိုက်ဖျက်ရေးဇာတ်လမ်းကရော ရှမ်းမြောက်က ကျားဖြန့်တိုက်ဖျက်ရေးနဲ့ ဘယ်လိုတွေ ကွာခြားနေသလဲနဲ့ ဒီဇာတ်လမ်းရဲ့ အဆုံးသတ်ကရော ဘယ်လိုသက် ရောက်မှုတွေ ရှိလာနိုင်လဲဆိုတာ မရည်မွန်က ဆက်ပြီး ဆွေးနွေးပေးပါဦးဗျ။



ရည်မွန်
Program Assistant
China Studies Program
ဆွေးနွေးသူ

ဟုတ်ကဲ့ပါဗျ။ ရှေ့မှာ ကိုရဲရင့်ဆွေးနွေးခဲ့သလိုပဲ ထိုင်း-မြန်မာ-တရုတ် သုံးနိုင်ငံ ပေါင်းပြီး ကရင်ပြည်နယ်က ကျားဖြန့်လုပ်ငန်းတွေကို တိုက်ဖျက်တာဟာ တလ လောက်ရှိပြီပေါ့နော်။ ဒါပေမဲ့ ရှမ်းမြောက်မှာဖြစ်ခဲ့တဲ့ ကျားဖြန့်နှိမ်နင်းရေးနဲ့ ပြန် ပြီးနှိုင်းယှဉ်ကြည့်မယ်ဆိုရင် ကရင်ကျားဖြန့်နှိမ်နင်းရေးက ထိရောက်မှုသိပ်မရှိဘူး ဆိုတာ ကျနော်တို့ တွေ့ရပါတယ်ဗျ။ ဒီမှာဆိုရင် ဘာကြောင့်ထိရောက်မှုမရှိလဲဆို တာကို ကျနော် အချက်သုံးချက်နဲ့ ရှင်းပြသွားပါမယ်။

ပထမဆုံးတချက်ကတော့ ထိုင်းနိုင်ငံဘက်က ဖိအားပေးတဲ့အချက်တွေဖြစ်တဲ့ အင်တာနက်ဖြတ်တာ၊ မီးဖြတ်တာ ဒီလောင်စာဖြတ်တာတွေပေါ့နော် ဒါတွေက ကျားဖြန့်ရုံတွေကို လုပ်ငန်းရပ်သွားတဲ့အထိ ထိရောက်မှုမရှိစေဘူးပေါ့နော်။ အဲဒီ အစား ဒေသခံပြည်သူတွေကို ထိခိုက်နစ်နာမှုတွေပဲ ပိုဖြစ်စေတာကို တွေ့ရပါတယ်။ နောက်ပြီး ဒီကျားဖြန့်ရုံတွေမှာ မီးဖြတ်ပေမဲ့ မီးစက်တွေနဲ့ လည်တယ်။ နောက် လောင်စာတွေ သိုလှောင်ထားတယ်။ ဒါမျိုးတွေဖြစ်နေတဲ့အတွက်ကြောင့် ကျားဖြန့် ရုံတွေမှာ မီးထိန်ထိန်လင်းနေပေမဲ့ ဒေသခံပြည်သူတွေက အမှောင်ထဲမှာနေရတယ်။ နောက်ပြီး ကျားဖြန့်ရုံတွေမှာ ဆီကို ပေပါလိုက်သိုလှောင်ထားနိုင်ပေမဲ့ ဒေသခံတွေ ကတော့ ဆီပြတ်လပ်တဲ့အတွက် ထိုင်းနိုင်ငံ မဲဆောက်မြို့ထဲအထိ သွားပြီးတော့

ဆီဝယ်ရတာ၊ ဆီသွားဖြည့်ရတာ ဒါမျိုးတွေရှိနေပါတယ်။ ဒါ့ကြောင့် ထိုင်းနိုင်ငံရဲ့ ဖိအားပေးတဲ့ ပိတ်ဆို့မှုတွေကဆိုရင် ကျားဖြန့်တိုက်ဖျက်ဖို့ဆိုတာထက် မြန်မာလူထု အတွက် လူမှုဒုက္ခတွေကို ပိုပြီးတော့ သယ်ဆောင်လာခဲ့တာပါ။

ဒုတိယတချက်ကတော့ ကျားဖြန့်လုပ်ငန်းခွင်တွေမှာ လူကုန်ကူးခံရတဲ့သူတွေကို ပြန်လွှဲတာဟာ ရှမ်းမြောက်က ကျားဖြန့်ဂိုဏ်းတွေကို နှိမ်နင်းတုန်းကလောက် သက်ဆိုင်ရာနိုင်ငံတွေကို မြန်မြန်ဆန်ဆန် လွှဲပြောင်းနိုင်စွမ်းမရှိတာကို သွားတွေ့ရ ပါတယ်။ BGF ဘက်ကတော့ တရက်ကို လူ ၅၀၀ လွှဲပြောင်းပေးမယ်လို့ပြောထား တာမျိုးရှိတယ်ပေါ့နော်။ ဒါပေမဲ့ ၂၀၀ လွှဲလိုက် ၃၀၀ လွှဲလိုက် နောက် ကုန်ကျစရိတ် များလို့ ခဏရပ်ထားမယ်ဆိုပြီးပြောလိုက်ပေါ့နော်၊ ဒီလိုမျိုးတွေဖြစ်နေတာက လူ တွေလွှဲပြောင်းဖို့ဆိုရင် အချိန် လနဲ့ချီပြီး ကြာမြင့်ဦးမှာပါ။ ဒါတွေကို ရှမ်းမြောက် က တိုက်ဖျက်ရေးနဲ့ ပြန်ပြီးနှိုင်းယှဉ်ကြည့်မယ်ဆိုရင် ရှမ်းမြောက်မှာကျတော့ တရုတ် အာဏာပိုင်တွေအနေနဲ့ သူ့နယ်စပ်မှာလည်း ဖြစ်နေတယ်ပေါ့နော်၊ သူ့နယ်စပ်မှာ လည်းဖြစ်နေတဲ့အတွက် တရုတ်အာဏာပိုင်တွေက သူ့ခြေသူ့လက်၊ သူ့စိတ်တိုင်း ကျ လုပ်ပိုင်ခွင့်ရခဲ့ပါတယ်။ ဒါ့အပြင် ရှမ်းမြောက်တိုင်းရင်းသားလက်နက်ကိုင်တွေ နဲ့ တရုတ်နိုင်ငံရဲ့ အကျိုးစီးပွားထပ်တူကျခဲ့တဲ့အတွက် ကျားဖြန့်တိုက်ဖျက်ရေးဟာ အင်နဲ့အားနဲ့ မြိုင်မြိုင်ဆိုင်ဆိုင် ရှိခဲ့ကြပါတယ်။ ဒါပေမဲ့ ကရင်ပြည်နယ်က ကျားဖြန့် လုပ်ငန်းတွေမှာတော့ တရုတ်နိုင်ငံအနေနဲ့ သူကိုယ်တိုင် ဦးစီးဦးဆောင်လုပ်လို့မရ ဘဲ သူ့အနေနဲ့ ဆိုက်ရောက်နိုင်ငံ မြန်မာနဲ့ ဖြတ်သန်းနိုင်ငံ (transit country) ဖြစ် တဲ့ ထိုင်းနိုင်ငံတို့ကိုပဲ ဖိအားပေးရုံပဲ လုပ်လို့ရနေပါတယ်။ နောက်ပြီး ဒီနှစ်နိုင်ငံမှာ ရှိတဲ့ ဇာတ်ကောင်အသီးသီးမှာလည်း ကိုယ်ကျိုးစီးပွားဆက်နွှယ်မှုတွေ ရှိနေတာမို့ သူတို့အနေနဲ့လည်း နိုင်ငံရေးဆန္ဒ (political will) ဟာ တရုတ်လောက် ပြင်းပြင်း ထန်ထန်ရှိမနေတာကို တွေ့ရပါတယ်။ ဒါကြောင့် အခုတခေါက် 'ကျားဖြန့်တိုက် ဖျက်ရေး' ဆိုတာထက် အကျိုးစီးပွားအားဖြင့် ဘယ်သူအလေးသာမလဲ၊ ဘယ်သူ ထိုးကျွေးခံရမလဲ၊ ဘယ်သူက ဒီကစားပွဲထဲက အမြတ်ထွက်မလဲ ဆိုတဲ့ အကျိုး စီးပွားဆက်နွှယ်မှုတွေကို 'ကျားဖြန့်တိုက်ဖျက်ရေး'ထက် အလေးပေး ရှေ့တန်းတင် နေတာကိုလည်း ကျနော်တို့ တွေ့နေရပါတယ်။

တတိယတချက်မှာတော့ ကရင်ပြည်နယ်က ကျားဖြန့်တိုက်ဖျက်ရေးလုပ်ငန်းစဉ် ဟာ ပွင့်လင်းမြင်သာမှု (transparency) အားနည်းပါတယ်။ ရှမ်းမြောက်က ကျား ဖြန့်တိုက်ဖျက်ရေးလုပ်ငန်းစဉ်တွေမှာ တရုတ်နိုင်ငံရဲ့ဖိအားပေးမှုကြောင့် လူ ငါး သောင်းလောက်ကို ပြန်လွှဲပေးနိုင်ခဲ့တယ်။ နောက် အဲဒီဒေသရဲ့ ဂိုဏ်းခေါင်းဆောင် တွေကို တရုတ်နိုင်ငံက ဖမ်းဆီးနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ရှေ့မှာလည်း ကိုရဲရင့်ပြော

▶ သွားတယ်ပေါ့နော်၊ KK Park လို မြဝတီရဲ့ ကမ္ဘာကျော် နာမည်ကြီးကျားဖြန့်ရုံတွေရှိနေတာတောင် သူတို့က အခုချိန်ထိ ဒီဒေသရဲ့ ဂိုဏ်းခေါင်းဆောင်တွေက ဘယ်သူလည်းဆိုတာ နှစ်ဖက်လုံးက အခုထိ ချပြနိုင်စွမ်းမရှိသေးပါဘူး။ နောက် လွှဲပြောင်းပြီးတဲ့ လူ ၂,၀၀၀ ကျော်မှာလည်း ဂိုဏ်းခေါင်းဆောင်တွေ ပါဝင်တယ်လို့ ထုတ်ပြန်ထားပေမဲ့ ဒါတွေက ဘယ်သူဘယ်ဝါဖြစ်ကြောင်း ထုတ်ပြန်ထားတာတွေ မရှိသေးပါဘူး။ ဒါကြောင့် ဒီလိုမထိရောက်တဲ့ ဖိအားပေးမှုတွေ၊ လူလွှဲပြောင်းဖို့ ကြန့်ကြာတာတွေနဲ့ ပွင့်လင်းမြင်သာမှု အားနည်းတာတွေကြောင့် ကရင်ဘက်က ကျားဖြန့်လုပ်ငန်းတိုက်ဖျက်မှုတွေက ထင်သလောက် ထိရောက်မရှိတာကို သွားတွေ့ရပါတယ်။

ဒီ 'ကျားဖြန့်တိုက်ဖျက်ရေး' ဆိုတဲ့ တစုံလုံးကို ပြန်ချုံ့ရရင် လုပ်ငန်းခွင်မှာရှိတဲ့ လူကုန်ကူးသူတွေကို ပြန်လွှဲပေးတာက ဒီဒေသမှာရှိတဲ့ ခေါင်းဆောင်တွေကို ဖမ်းဆီးနိုင်ဖို့ကိုပဲ ရည်ရွယ်နေတာပါ။ ရှေ့မှာ ကိုရဲရင့်ထောက်ပြသွားသလိုပဲ အဓိကလုပ်ဆောင်နေတဲ့သူက ပျောက်နေပါတယ်။ ဒါဟာဆိုရင် ညစ်ထေးယိုယွင်းနေတဲ့အိမ်ကို ဖုန်သုတ်ဖုန်ခါလုပ်ရုံလုပ်နေတဲ့ အနေအထားလောက်ပဲ ရှိနေတယ်လို့ ပြောချင်ပါတယ်။

စစ်ကောင်စီပြောရေးဆိုခွင့်ရ ဗိုလ်ချုပ်ဇော်မင်းထွန်းကတော့ ရန်ကုန်နဲ့ မန္တလေးမှာ ကျားဖြန့်လုပ်ငန်းတွေရှိလာရင် ထိန်းသိမ်းနိုင်တယ်၊ ထိန်းချုပ်နိုင်တယ်လို့ ပြောထားပေမဲ့ ဒီကျားဖြန့်လုပ်ငန်းတွေက အခုဒီပုံမှာ ပြထားသလိုပါပဲ ရန်ကုန်၊ မန္တလေးနဲ့ ရှမ်းတောင်က မြို့ကြီးတွေအထိ ပျံ့နှံ့နေရာယူနေတာကို တွေ့ရမှာပါ။ ဒီလုပ်ငန်းခွင်တွေဟာ မြစ်ဖွားနာ ကင်ဆာဆဲလ်တွေလိုပါပဲ။ ရောဂါကို အမြစ်ပြတ်အောင် မဖြေရှင်းနိုင်သေးသရွေ့ သူတို့က တနေရာကနေ တနေရာ ပြန်ပြီးကူးပြောင်းသွားမှာပါ။ လက်ရှိလုပ်ဆောင်နေတဲ့ လူကုန်ကူးခံရသူတွေကို နိုင်ငံပြန်ပို့ပေးနေတာ၊ ဒေသမှာရှိတဲ့ ဂိုဏ်းခေါင်းဆောင်တွေကို ဖမ်းနေတာ၊ ဒါတွေဟာ ဆေးမြီးတိုနဲ့ ကုနေသလိုပါပဲ။ ကွန်ရက်တခုလုံးကို မြေလှန်ဖြေရှင်းနိုင်စွမ်းမရှိဘူးဆိုရင် ဒီလုပ်ငန်းတွေဟာ နေရာသစ်မှာ နောက်ထပ်အသွင်တမျိုးနဲ့ ပြန်ပေါ်လာဦးမှာပါ။

လက်ရှိ နိုင်ငံတွင်းပဋိပက္ခတွေ မြင့်တက်နေသလို တရားဥပဒေစိုးမိုးမှုကလည်း ပျက်ပြားနေတဲ့ မြန်မာနိုင်ငံလို ဖုန်းဆိုးမြေမှာ ကျားဖြန့်တခုတည်းတင် ပြောတာ မဟုတ်ဘူးပေါ့နော်။ ကျားဖြန့်အပြင် နိုင်ငံတကာက တရားမဝင်လုပ်ငန်းမှန်သမျှကလည်း 'အညီ့ရှိရာ ယင်အုံ'ဆိုသလို မြန်မာနိုင်ငံကို လာအုံနေမှာပါ။ ဒီဖြစ်ရပ်တွေဟာ မြန်မာနိုင်ငံတနိုင်ငံတည်းတင်မကဘူး၊ အိမ်နီးချင်းနိုင်ငံတွေနဲ့ ဒေသတွင်းနိုင်ငံတွေအပေါ် ဘယ်လောက်သက်ရောက်မှုရှိမလဲ၊ ဘယ်လိုရိုက်ခတ်မှုရှိနိုင်မလဲ ဆိုတာကို ကိုအေးချမ်းက ဆက်ပြီးရှင်းပြပေးပါဦးဗျ။

# ရွှေ့ပြောင်းလာသည့် ကျားဖြန့်လုပ်ငန်းများ

အလေးထားရမည့် ညွှန်းပြမြေပုံများ အမှတ်-၈၇ ISP Myanmar

မြန်မာနိုင်ငံရှိ မြို့နယ် **၁၇ ခုထက်မနည်း**တွင် အခြေစိုက်သည့် ကျားဖြန့်လုပ်ငန်းများ ဖြိုခွင်းခံခဲ့ရပြီး ‘ဝ’နှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ဖြိုခွင်းခံရမှု အများဆုံးဖြစ်ခဲ့သည်။ ဖြိုခွင်းခံခဲ့ရပြီးနောက်တွင် မြန်မာ-တရုတ်နယ်စပ် ကိုးကန့်နှင့် ‘ဝ’ဒေသတို့မှ ကျားဖြန့်လုပ်ငန်းများသည် ရန်ကုန်၊ မန္တလေးမြို့နှင့် ရှမ်းပြည်နယ်အလယ်ပိုင်းဒေသများသို့ ရွှေ့ပြောင်းလုပ်ကိုင်လာကြသည်။ ထို့အတူ မြန်မာ-ထိုင်းနယ်စပ် မြဝတီဒေသမှ လုပ်ငန်းများသည်လည်း ဘုရားသုံးဆူနှင့် ရန်ကုန်မြို့တို့သို့ ရွှေ့ပြောင်းလာကြသည်ကို တွေ့ရသည်။




၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်အထိ သိရှိရသော အချက်အလက်များဖြစ်သည်။ ISP-Myanmar ၏ သုတေသနပြုလေ့လာချက်များအပေါ် အခြေခံထားပြီး ဒေတာရရှိမှု အကန့်အသတ်နှင့် နည်းနာပိုင်းမှုကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။



**အေးချမ်း**
Program Assistant
China Studies Program
ဆွေးနွေးသူ

ဟုတ်ကဲ့၊ မရည်မွန် ဆွေးနွေးသွားသလိုပဲ၊ အညီရှိရာ ယင်အုံတယ်ပေါ့နော်။ ချည့်နဲ့ နိုင်ငံဖြစ်နေတဲ့ မြန်မာရဲ့ အခြေအနေက နိုင်ငံတကာက ရာဇဝတ်မှုတွေကို ဖိတ်ခေါ်သလိုပဲ နောက်ထပ်ရောက်လာနိုင်တဲ့ ပြဿနာတခုလည်း ရှိသေးတယ်ဗျ။ ကျနော့်အပိုင်းမှာတော့ ဒီကိစ္စကို ဇောင်းပေးပြီးဆွေးနွေးလိုပါတယ်။ ဒါကဘာလဲဆိုတော့ ကျားဖြန့်ကို အကြောင်းပြုပြီးတော့ ဖြစ်လာမယ့် ပထဝီနိုင်ငံရေးအရ အားပြိုင်မှုတွေအကြောင်းပါ။


ကျနော် အဲဒီအကြောင်းအရာကို အချက် နှစ်ချက်နဲ့ ဆွေးနွေးလိုပါတယ်ဗျ။ ပထမတချက်ကတော့ ဒီမဲခေါင်ဒေသရဲ့ တရုတ်အကျိုးစီးပွားအရ မဟာဗျူဟာမြောက်မှုပါ။ ဒုတိယအချက်ကတော့ ဒီဒေသတွင်းမှာ ဖြစ်လာမယ့် တရုတ်နဲ့ တခြားနိုင်ငံတွေရဲ့ အားပြိုင်မှုတွေအကြောင်းပါ။

ပထမတချက်ဖြစ်တဲ့ ကျားဖြန့်တွေ အခြေစိုက်ပါတယ်ဆိုတဲ့ မြန်မာအပါအဝင် မဲခေါင်ဒေသဆိုတာက ကျနော်တို့ကြည့်မယ်ဆိုရင် တရုတ်နဲ့ အရှေ့တောင်အာရှကို ဆက်သွယ်ပေးထားတဲ့ တကယ့်ကို မဟာဗျူဟာမြောက်တဲ့ နေရာတခု ဖြစ်တယ်ပေါ့နော်။ အဲဒီတော့ တရုတ်နိုင်ငံအနေနဲ့ကလည်း ဒီဒေသကြီးကို ဖြတ်သန်းသွားတဲ့ သူတို့ရဲ့ ကုန်သွယ်ရေးလမ်းကြောင်းကြီးတွေ၊ စီမံကိန်းကြီးတွေ ရှိတယ်ဗျ။ အခုကျားဖြန့်နှိမ်နင်းရေးမှာ တရုတ်က သိပ်ကိုမှ တက်တက်ကြွကြွလုပ်နေတယ်ဆိုတာက သူ့ရဲ့နိုင်ငံသားတွေ အလိမ်ခံရလို့၊ လူကုန်ကူးခံရလို့လည်း ပါတယ်။ နောက်တချက်က မဲခေါင်ဒေသမှာဖြစ်နေတဲ့ မတည်မငြိမ်ဖြစ်မှုတွေက သူ့ရဲ့ ဒီမဟာဗျူဟာမြောက် အကျိုးစီးပွားတွေကို ခြိမ်းခြောက်နေလို့လည်း ပါတယ်ဗျ။ အဲဒီအတွက် တရုတ်က ဒီဒေသတွင်းမှာ သူ့ရဲ့ဒီလုံခြုံရေးအရ ခြေကုပ်ယူထားမှုကို တစတစတိုးမြှင့်လာတာကိုလည်း မြင်တွေ့နေရတယ်။ ဒီကျားဖြန့်နှိမ်နင်းရေးမှာ တရုတ်လုံခြုံရေးတပ်ဖွဲ့ဝင်တွေကိုယ်တိုင် ဦးဆောင်တာမျိုး၊ တရုတ်နဲ့ မဲခေါင်ဒေသ နိုင်ငံတွေအကြားမှာရှိတဲ့ လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုတွေကို မြှင့်တင်လာတာမျိုးပါ။

အဲဒီတော့ တရုတ်ရဲ့တစတစကြီးထွားလာတဲ့ လုံခြုံရေးအရပါဝင်မှုက ဘာကိုအကျိုးသက်ရောက်မှုဖြစ်စေလဲဆိုတော့ ကျနော်ပြောချင်တဲ့ ဒုတိယအချက်ပါ။ ဘာလဲဆိုတော့ တရုတ်နဲ့ တခြားနိုင်ငံတွေကြားမှာဖြစ်လာမယ့် အားပြိုင်မှုတွေအကြောင်းပါ။ ဟုတ်ပါတယ်၊ လက်ရှိ အချိန်မှာ တရုတ်က ဒေသတွင်းမှာ အားကောင်းတဲ့ လွှမ်းမိုးမှုတခုဆိုပေမဲ့ ဒေသတွင်းမှာတော့ သူက တခုတည်းသော စူပါပါဝါ ဟုတ်မနေဘူးဗျ။ အမေရိကန်လို၊ အိန္ဒိယလို၊ ဂျပန်လိုပေါ့နော်၊ ဒီလိုနိုင်ငံကြီးတွေကလည်း ဒေသတွင်းမှာ သူတို့ရဲ့ ကိုယ်စီပူးပေါင်းဆောင်ရွက်မှုယန္တရားတွေ ရှိတယ်။ သူတို့ရဲ့ စီးပွားရေးအရ၊ နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်မှုတွေရှိတယ်ဗျ။ ဒါ့အပြင် အမေရိကန်နိုင်ငံရဲ့ အခုအချိန် နိုင်ငံခြားရေးမူဝါဒအရ မဲခေါင်ဒေသက ဦးစားပေး ဟုတ်မနေဘူးဆိုပေမဲ့လည်း ဒီအင်ဒို-ပစိဖိတ်ဒေသမှာ ပြန်ကြည့်မယ်ဆို မဲခေါင်ဒေသက အမေရိကန်နဲ့ တရုတ် အားပြိုင်မှုတွေထဲက နေရာတခုလည်း ဖြစ်လာနိုင်ပါတယ်ဗျ။

အဲဒီတော့ ဒီလိုမျိုး မဲခေါင်ဒေသရဲ့ မဟာဗျူဟာမြောက်မှု၊ ဒီလိုမျိုးအားပြိုင်မှုတွေကြောင့်ပေါ့နော် ကျားဖြန့်နှိမ်နင်းရေးကနေ ပထဝီနိုင်ငံရေးအားပြိုင်မှုတွေအဆင့်ထိဖြစ်လာမယ်ဆိုရင် စစ်အာဏာအောက်မှာ ဒုက္ခရောက်နေပြီးသား မြန်မာနိုင်ငံဟာ ဒီအားပြိုင်မှုတွေကြားထဲမှာ မြေစာပင်ထပ်ဖြစ်ရဦးမှာလားဆိုတာ စိုးရိမ်စရာပဲဗျ။

အဲဒီတော့ ကျနော်တို့သုံးယောက်စလုံး ဆွေးနွေးခဲ့တဲ့ဟာကို ပြန်ချုပ်ပြောရရင် ကိုရဲရင့်ပြောခဲ့တဲ့အပိုင်းပေါ့၊ အခု မီဒီယာတွေမှာ ကျားဖြန့်နှိမ်နင်းရေးကို ပုံဖော်နေတဲ့ပုံစံက သိပ်ကိုဒရာမာဆန်လွန်းနေတယ်၊ ရုပ်ရှင်ဆန်လွန်းနေတယ်။ ဒါက လူထုကိုနားလည်မှုလွဲစေတယ်။ တကယ့်ပြဿနာရဲ့ဇာစ်မြစ်ကနေလည်း ဝေးသွားစေတယ်။ ပြီးတော့ ဒုတိယအပိုင်းမှာ မရည်မွန်ဆွေးနွေးခဲ့သလို တောင်ပိုင်းဖြစ်စဉ်နဲ့ အရင်မြောက်ပိုင်းဖြစ်စဉ်ကို ကျနော်တို့ နှိုင်းယှဉ်ပြီး လေ့လာရသလောက်ကတော့ ကျားဖြန့်နှိမ်နင်းရေးဆိုတာက လူတွေကို ကယ်ထုတ်ရုံ၊ ဒီကျားဖြန့်လုပ်ငန်းတွေကို ဖြိုခွင်းရုံ၊ ဒီခေါင်းဆောင်တွေဆိုတဲ့သူတွေကို လွှဲပြောင်းပေးရုံနဲ့ကတော့ ကျနော်တို့ Happy World မှာ ဆော့ခဲ့တဲ့ မိကျောင်းခေါင်းထုကစားနည်းလိုပေါ့၊ ပေါ်တဲ့နေရာ လိုက်ထုနေမယ်ဆိုရင်တော့ ဆုံးမှာကို မဟုတ်တော့ဘူးဗျ။ ဒီလိုမျိုး ဇာစ်မြစ်ပြဿနာကို မဖြေရှင်းဘဲနဲ့ ကြာလာမယ်ဆိုရင် ကျနော် ဆွေးနွေးခဲ့သလိုပဲ ပထဝီနိုင်ငံရေးအားပြိုင်မှုတွေကလည်း မြင်တွေ့ရဖို့ ရှိလာတယ်။ အဲဒီတော့ ကျနော်တို့ ကျားဖြန့်နှိမ်နင်းရေးကို ထိရောက်တဲ့ ဒီဒေသတွင်းပူးပေါင်းဆောင်ရွက်မှုနဲ့ မဖြေရှင်းနိုင်ဘူးဆိုရင် အညီရှိရာ ယင်အုံဆိုတဲ့ အတိုင်းပဲပေါ့နော်၊ ဒီလိုမျိုးပြဿနာတွေ ဖြစ်လာမယ်။ နောက်ပိုင်းမှာ ကျားဖြန့်ဆိုတာမျိုးက အခုနှိမ်နင်းပြီးရင်တောင် နောက်ထပ်နေရာသစ်တခုမှာ အသွင်သစ်တမျိုးနဲ့ ပေါ်လာအုံးမှာပဲဆိုတာ ပြောရင်းနဲ့ နိဂုံးချုပ်ချင်ပါတယ်ခင်ဗျ။



**စုလင်းဟန်**
Program Assistant
Communications Department
အခမ်းအနားမှူး

ဟုတ်ကဲ့၊ ဆွေးနွေးပေးသွားတဲ့ panelist တွေကို အထူးပဲကျေးဇူးတင်ပါတယ်။ ကျမတို့ရဲ့ ပထမပိုင်းဆွေးနွေးမှုကတော့ ဒီလောက်နဲ့ ပြီးသွားပြီဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ အမေးအဖြေကဏ္ဍကို သွားချင်ပါတယ်။ ကျမတို့ ကပြင်ရပ်ဝန်းသူ၊ ရပ်ဝန်းသားတွေဆီကနေ ကြိုတင်ကောက်ယူထားတဲ့မေးခွန်းတွေ ရှိပါတယ်။ ဒီမေးခွန်းတွေကို ကျမတို့ တူရာစုပြီးတော့မှ မေးခွန်းသုံးခု ပြင်ဆင်ထားပါတယ်ရှင့်။

ကျားဖြန့်ကြောင့် ငွေတွေ အလိမ်ခံနေရတာ နိုင်ငံအများကြီးပါပေမဲ့ ဘာလို့ တရုတ်ကပဲ ကျားဖြန့်နှိမ်နင်းရေးမှာ တက်ကြွနေတာလဲ။ တရုတ်နိုင်ငံသားတွေ အများစုပါနေလို့လား။ ဘာကြောင့်ဖြစ်တာလဲ။




**ရည်မွန်**
Program Assistant
China Studies Program
ဆွေးနွေးသူ

ဒီမေးခွန်းကို ကျနော် ဖြေလိုက်ပါ့မယ်။ ကျားဖြန့်တိုက်ဖျက်ရေးနဲ့ပတ်သက်လို့ တရုတ်နိုင်ငံကပဲ ဦးစီးဦးဆောင်လုပ်နေတာ အားလုံးလည်း သိတယ်ပေါ့နော်။ အဲဒီထဲက အကြောင်းအရင်းတွေတော့ အများကြီးရှိမှာပါ။ ဒါပေမဲ့ ဒီထဲကတချက်ကတော့ တရုတ်ပြည်တွင်းရေးကို အခြေအနေနဲ့ နှိုင်းယှဉ်ပြီးတော့ ဖြေလိုပါတယ်။ ကိုဗစ်ကာလအလွန်တည်းက တရုတ်ပြည်တွင်းမှာ စီးပွားရေးကျဆင်းတာ၊ အိမ်ခြံမြေဈေးကွက်တွေ ဂယက်ရိုက်တာ၊ နောက် တရုတ်ပြည်သူတွေ သုံးစွဲနိုင်စွမ်း ကျဆင်းလာတာတွေက ပြည်သူလူထုကို တော်တော်လေး မွန်းကျပ်စေပါတယ်ဗျ။

ရှမ်းမြောက်မှာဖြစ်တဲ့ကိစ္စနဲ့ ပြန်ပြီးတော့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် လူကုန်ကူးခံရတဲ့ကိစ္စတွေ၊ လူပျောက်သွားတဲ့ကိစ္စတွေမှာ ဒါတွေကို ကိုင်တွယ်ပေးဖို့ တရုတ်အစိုးရကို ပြည်သူလူထုကနေ သူတို့ ဆိုရှယ်မီဒီယာတွေမှာ နှစ်နဲ့ချီပြီးပြောခဲ့တာတွေရှိပါတယ်။ ပြည်သူတွေရဲ့မြားဦး အစိုးရဘက် မလှည့်အောင်၊ တနည်းအားဖြင့် အဲဒီအချိန်မှာ ဦးစီးဦးဆောင်လုပ်နိုင်စွမ်းပြဖို့ခက်နေတဲ့ အစိုးရတရပ်အတွက် ဒီကိစ္စဟာ ပြည်သူအသံကိုနားထောင်တယ်ဆိုပြီး အမှတ်ရစေတဲ့ ကိစ္စလည်းဖြစ်ပါတယ်။ နောက်တချက်က အခုကျားဖြန့်မှာ စေခိုင်းခံရတဲ့သူတွေ လူကုန်ကူးခံရသူတွေ အများစုကိုကြည့်ရင် တရုတ်နိုင်ငံသားတွေ ဖြစ်နေတာကို သွားတွေ့ရပါတယ်။ ဒီအချက်က ဘာကိုပြလဲဆိုတော့ တရုတ်ပြည်တွင်းမှာ အလုပ်အကိုင်ရရှိမှုကျဆင်းလာတာတွေကြောင့် ပြည်ပကိုထွက်ပြီး အလုပ်လုပ်ရတယ်ပေါ့နော်။

ဒါကြောင့် ဒီကျားဖြန့်နှိမ်နင်းရေးက တရုတ်သမ္မတ ရှီကျင့်ဖျင်အတွက် လူထုထောက်ခံမှုရမယ့် အခွင့်အရေးတခုလို၊ အမှတ်ကောင်းကောင်းရနိုင်မယ့် အခွင့်အရေးတခုလို ဖြစ်နေတာကို တွေ့ရပါတယ်။ ဒါ့အပြင် ရှေ့မှာ ကျနော်ပြောခဲ့တဲ့အတိုင်း သူ့ပြည်တွင်းမှာ စီးပွားရေးကျပ်တည်းမှုတွေ၊ မကျေနပ်မှုတွေ၊ ဒါတွေကို လမ်းလွှဲနိုင်မယ့် အခွင့်အရေးတခု ဖြစ်နေတယ်ပေါ့နော်။ ဒီလိုအခွင့်အရေးတွေရှိနေလို့ တရုတ်နိုင်ငံအနေနဲ့ ဦးစီးဦးဆောင်လုပ်နေတယ်လို့ပဲ မြင်မိပါတယ်။



**စုလင်းဟန်**
Program Assistant
Communications Department
အခမ်းအနားမှူး

ဟုတ်ကဲ့၊ ဆွေးနွေးဖြေကြားပေးသွားတဲ့ မရည်မွန်ကို ကျေးဇူးတင်ပါတယ်ရှင့်။ ဆက်လက်ပြီးတော့ ကျမ ဒုတိယမေးခွန်းကို သွားချင်ပါတယ်။

ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်က ကျားဖြန့်ကနေရတဲ့ ဝင်ငွေတွေဟာ လက်ရှိပြည်တွင်းစစ်ကို လောင်စာဖြည့်နေတယ်လို့ ပြောခဲ့ပါတယ်။ ဒါနဲ့ပတ်သက်လို့ ဘယ်လိုမြင်ပါသလဲ။



**အေးချမ်း**
Program Assistant
China Studies Program
ဆွေးနွေးသူ

ဒီမေးခွန်းကို ကျနော်ပဲ ဖြေလိုက်ပါ့မယ်ဗျ။ ဒါနဲ့ပတ်သက်လို့ လေ့လာမှုတွေအရ ကတော့ ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်နဲ့ မတူတဲ့ အမြင်မျိုး၊ သုံးသပ်ချက်မျိုး ကျနော်တို့မှာ ရှိတယ်ဗျ။ ဒါကို ကျနော် ဥပမာပေးပြီး ပြောရမယ်ဆိုရင် ရောဂါနဲ့ ရောဂါလက္ခဏာ ဥပမာလိုပေါ့ဗျာ။ ပြည်တွင်းစစ်ဆိုတာက ရောဂါပေါ့။ အဲဒီရောဂါ

- ကနေဖြစ်လာတဲ့ ရောဂါလက္ခဏာတွေ အများကြီးရှိတယ်ပေါ့။ အဲထဲမှာမှ ဒီကျားဖြန့်ကလည်း တခုပါ။ ဥပမာ ရောဂါလက္ခဏာတွေ အများကြီးဆိုတာ ဒီပြည်တွင်းစစ်ကြောင့် ဖြစ်လာတဲ့ မူးယစ်ဆေးဝါးထုတ်လုပ်မှုမြင့်လာတာ၊ စစ်မှုထမ်းဥပဒေလိုမျိုး၊ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုတွေလိုမျိုးပေါ့။ အဲဒီတော့ အခု ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင် သုံးသပ်သွာတာကကျတော့ ကျားဖြန့်ကို ရောဂါတခုလိုမျိုး သူက ပုံချဲ့ပြီး အာရုံစိုက်နေသလို ဖြစ်နေတယ်ဗျ။ အဲဒီကျတော့ ဒီကျားဖြန့်နှိမ်နင်းရေးက လမ်းလွဲသွားနိုင်ပါတယ်။ အဲဒီတော့ ကျနော်တို့ သုံးသပ်ချက်ကတော့ ကျားဖြန့်က ရောဂါလက္ခဏာတွေထဲက တခုဖြစ်တယ်ပေါ့နော်။ ဒါကို ကျနော်တို့က ရောဂါလက္ခဏာကို ဖြေရှင်းရမှာ မှန်တယ်ပေါ့။ ဒါပေမဲ့ သူ့ကို ရောဂါကြီးတခုလိုမျိုး သွားပြီးတော့ ယူဆထားလို့ မရဘူးလို့ပဲ ဖြေချင်ပါတယ်ဗျ။



**စုလင်းဟန်**
Program Assistant
Communications Department
အခမ်းအနားမှူး

ဆွေးနွေးပေးသွားတဲ့ ကိုအေးချမ်းကို ကျေးဇူးတင်ပါတယ်ရှင့်။ ဆက်လက်ပြီးတော့ ကျမ တတိယမေးခွန်းကို ဖတ်ပြချင်ပါတယ်။

ဒီကျားဖြန့်လုပ်ငန်းတွေဟာ မြန်မာပြည်တွင်းကို ဘယ်လောက်အထိ သက်ရောက်မှုရှိနိုင်မလဲ။



**ရဲရင့်**
Program Assistant
Conflict, Peace and Security Program
ဆွေးနွေးသူ

ဒီမေးခွန်းကိုတော့ ကျနော်ပဲ ဖြေလိုက်ပါမယ်ဗျ။ ဒီကျားဖြန့်လုပ်ငန်းတွေလို့ ပြောလိုက်တဲ့အခါဆိုရင် ဒီဒေသတွင်းနိုင်ငံတွေဖြစ်တဲ့ ကမ္ဘောဒီးယား၊ လာအိုတို့ ရှိနေတယ်။ ဒါပေမဲ့ နိုင်ငံတကာမှာ အများစုပုံဖော်ကြတာကတော့ မြန်မာနိုင်ငံမှာ လုပ်နေတယ်၊ မြန်မာနိုင်ငံမှာ အခြေစိုက်တယ်လို့ ပြောကြတာကို အများကြီးတွေ့ရပါတယ်။ ဒါပေမဲ့ တချက်ပြန်ပြီးတော့ ကြည့်ရမှာက ဒီအွန်လိုင်းကနေ ငွေလိမ်လို့ ဆုံးရှုံးရသူတွေထဲမှာ မြန်မာနိုင်ငံက မြန်မာနိုင်ငံသားတွေ အများစု ပါဝင်နေတာပါ။ ဆိုတော့ အွန်လိုင်းကနေ ပုံစံတနည်းနည်းနဲ့ လိမ်လည်ခံလိုက်ရတယ်။


ပြီးတဲ့အခါမှာလည်း သူတို့အတွက် ငွေကြေးဆုံးရှုံးမှုတွေ အများကြီးကြုံခဲ့ရတယ်။ နာမည်ပျက်ဆုံးရှုံးတာတွေ ကြုံခဲ့ရတယ်။ နောက်ဆုံးဗျာ နယ်စပ်မှာ လူကုန်ကူးခံရသူတွေထဲမှာလည်း ရန်ကုန်တို့၊ မန္တလေးတို့လိုမျိုး မြို့ကြီးပြကြီးက လူတွေတောင် ပါနေတာမျိုးပါ။ ပြီးတဲ့အခါမှာ ငွေလိမ်ခံရတဲ့ လုပ်ငန်းဖြစ်စဉ်တွေကို ပြန်ကြည့်ရမယ်ဆိုလို့ရှိရင်လည်း မြန်မာနိုင်ငံမှာ အာဏာသိမ်းပြီးနောက်မှာ အဖွဲ့အစည်းတွေရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှု အားနည်းလာတဲ့အတွက်ကြောင့်၊ ဥပမာဗျာ လူတဦးတယောက်က ငွေလိမ်ခံရပြီဆိုရင်တောင်မှ ဆိုရှယ်မီဒီယာဖြစ်တဲ့ facebook လောက်တင်ပဲ တက်ရေးပြီးတော့မှ ဒီကိစ္စပြီးသွားတယ်ပေါ့။ လုံးဝနောက်ဆုံးအဆုံးသတ် ဒါဘယ်သူလုပ်တာလဲ၊ ဘာကြောင့်ဖြစ်ရတာလဲ၊ ဒါကို ပြန်ပြီးတော့မှ ဘယ်လိုပြန်လုပ်ပေးမလဲဆိုတာမျိုး မကြုံခဲ့၊ မရှိသေးဘူး။ ဒါက ကျနော်တို့နိုင်ငံရဲ့ အားနည်းချက်လို ဖြစ်နေတာပေါ့။

နောက်တခုကျတော့လည်း ကျနော်တို့ ပြန်ကြည့်ရမယ်ဆိုလို့ရှိရင် ကိုယ့်မြန်မာနိုင်ငံသားတွေ ဘယ်နှယောက်က ငွေကြေးဘယ်လောက်များများအထိ လိမ်လည်ခံရတယ်ဆိုတဲ့ အချက်အလက်တွေကို စာရင်းပြုစုနိုင်စွမ်းမရှိသေးဘူးပေါ့နော်။ ဒါကလည်း အားနည်းချက်နောက်တခုပေါ့။

ဒီနောက်ဆုံးတခုအနေနဲ့က ကျနော်တို့နိုင်ငံရဲ့ ဆိုက်ဘာလုံခြုံရေးဥပဒေအရလည်း ဒီကိစ္စတွေကို အပြည့်အဝ အကာအကွယ်မပေးနိုင်ဘူးပေါ့နော်။ ပြန်ကြည့်ရမယ်ဆိုရင် ကျနော်တို့ မြန်မာပြည်တွင်းက လူတွေက ပဋိပက္ခအတွင်းမှာလည်း နေထိုင်ရတယ်။ ပြီးရင် ငွေကြေးကလည်း အလိမ်လည်ခံရသေးတယ်။ စဉ်းစားကြည့်ရင် ဗျာ၊ နောက်ဆုံး နိုင်ငံတကာမှာ ပုံဖျက်ခံရတော့လည်း ကိုယ့်နိုင်ငံက ဖြစ်နေတယ်။ ဆိုတော့ ပြန်ကြည့်ရမယ်ဆိုလို့ချင်ရင် ဒီလိုခံနေရတဲ့ ပြည်သူတွေဟာဆိုလို့ရှိရင် မိအေးက နှစ်ခါတင်မကဘဲနဲ့ တကယ့်ကို မိအေးက အခါခါနာနေရတဲ့ပုံစံကို ဖြစ်နေပါတယ်။ ဆိုတော့ ဒီကျားဖြန့်လုပ်ငန်းတွေက မြန်မာပြည်တွင်းက ပြည်သူတွေအပေါ်မှာ များစွာသက်ရောက်မှုရှိတယ်လို့ပဲ ဖြေချင်ပါတယ်ခင်ဗျ။




ပြင်ပကလောင်ရှင်တွေ ပါဝင်ရေးသားနေတဲ့ ISP Column ဆောင်းပါးတွေကို
ISP-Myanmar ဝက်ဘ်ဆိုက်မှာ ဝင်ဖတ်နိုင်ပါတယ်။
စာမူအသစ်တွေကိုလည်း ကြိုဆိုနေပါတယ်။



**စုလင်းဟန်**
Program Assistant
Communications Department
အခမ်းအနားမှူး

ဖြေကြားပေးသွားတဲ့ panelist တွေကို ကျေးဇူးအများကြီးတင်ပါတယ်။ ဆက်လက်ပြီးတော့ ဒီနေ့ဆွေးနွေးပွဲအခမ်းအနားကို တက်ရောက်လာသူတွေရဲ့ မေးခွန်းနဲ့ မှတ်ချက်တွေကို ဖိတ်ခေါ်သွားပါ့မယ်ရှင့်။ Raise hand button လေးကို သုံးပြီးတော့မှ ကျမတို့ကို မေးမြန်းလို့ရပါတယ်။ ဆွေးနွေးလို့ရပါတယ်။ ဟုတ်ကဲ့ ကျမတို့အခု စပြီးတော့မှ ဖိတ်ခေါ်ပါမယ်ရှင်။ မေးခွန်းမေးမြန်းချင်သူများ ရှိပါသလားရှင့်။ ဟုတ်ကဲ့၊ မေးခွန်းမေးမြန်းချင်သူများ ရှိပါသလားရှင့်။ မေးခွန်းမေးမြန်းသူ မရှိသေးတဲ့အတွက်ကြောင့် ကျမတို့ကို Q&A session ကနေ ပေးပို့ထားတဲ့ မေးခွန်းတွေကို ဖတ်ပြသွားပါ့မယ်ရှင့်။

လက်ရှိအခြေအနေအရ၊ အတည်မပြုနိုင်သေးတဲ့ သတင်းတွေအရ ကျားဖြန့်ကိစ္စတွေမှာ မြန်မာစစ်တပ်က ကိုယ်တိုင်ပါဝင်နေတာ တွေ့ရတဲ့အခါကျတော့ နယ်စပ်ကကျားဖြန့်တွေမှာ တရုတ်အပါအဝင် ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို စတဲ့နိုင်ငံတွေက နှိမ်နင်းနိုင်ပါ့မလား။ နောက်တချက်ကတော့ ကျားဖြန့်လုပ်ငန်းတွေက ရန်ကုန်၊ နေပြည်တော်စတဲ့ နေရာတွေကို ရွှေ့ပြောင်းသွားနိုင်ခြေ ရှိလာနိုင်သလား။




**ရည်မွန်**
Program Assistant
China Studies Program
ဆွေးနွေးသူ

ဟုတ်ကဲ့၊ ဒီမေးခွန်းကို ကျနော်ဖြေလိုက်ပါ့မယ်။ ပထမဆုံးပေါ့နော် ဒီကျားဖြန့် လုပ်ငန်းတွေက ကျနော်တို့လည်း ရှေ့မှာဆွေးနွေးခဲ့တယ်ပေါ့နော်။ ဒါတွေက မြစ်ပွားနာကင်ဆာဆဲလ်တွေလိုပဲ။ သူတို့က ဘယ်သူပဲပါဝင်နေပါစေ တခုတည်းက ရှင်းလိုက်ရင် ပြီးသွားမယ့် ပြဿနာမျိုးမဟုတ်ဘူးပေါ့။

မေးခွန်းထဲမှာပါတဲ့အတိုင်းပဲ စစ်ကောင်စီက ပါဝင်ပတ်သက်တယ်ပြောကြတယ်၊ DKBA က ပါဝင်ပတ်သက်တယ်ပြောကြတယ်၊ ထိုင်း၊ နောက်ဆုံး မလေးရှား၊ နိုင်ငံအစုံက ပါဝင်တဲ့သဘောဖြစ်ပါတယ်။ ဒါကြောင့် ဒီပြဿနာက actor တခုတည်းက ရှင်းလိုက်ရုံနဲ့တော့ ဒီပြဿနာက အလုံးစုံပြီးဆုံးသွားမယ်၊ ပြေလည်သွားမယ်လို့ ပြောလို့မရပါဘူး။

ဒါကလည်းပဲ ဒုတိယမေးခွန်းနဲ့ ပြန်ပြီးချိတ်ဆက်နေပါတယ်။ ကျနော်တို့ မြေပုံထဲမှာလည်း ပြသွားတယ်။ ဒီလုပ်ငန်းတွေဟာ နယ်စပ်ဒေသတွေမှာပဲ မဟုတ်ဘူး။ သူတို့ရဲ့ လုံခြုံတဲ့နေရာမျိုး၊ အင်တာနက်ရနိုင်မယ့်နေရာ၊ မီးရတဲ့နေရာ၊ ဒီလိုမျိုး ဘယ်နေရာမှာမဆို မြန်မာနိုင်ငံထဲမှာတင် မဟုတ်ဘဲနဲ့ ဘယ်နေရာမှာမဆို ပျံ့သွားနိုင်တယ်။ ဒီဖြစ်ရပ်တွေက မြန်မာတနိုင်ငံတည်းမှာဖြစ်ခဲ့တာလည်း မဟုတ်ဘူး။ ရှေ့မှာလည်း ဗီယက်နမ်မှာဖြစ်ခဲ့တာတွေရှိတယ်၊ ကမ္ဘောဒီးယားမှာ ဖြစ်ခဲ့တာတွေရှိတယ်ပေါ့နော်။ ဒါကြောင့် ပင်မခေါင်းဆောင်တွေ ဖမ်းမိမှ ပြီးသွားမယ့် ကိစ္စမျိုးဖြစ်တဲ့အတွက်ကြောင့် actors တွေဖမ်းရုံ၊ ကျားဖြန့်ရုံတွေကို ဖြိုခွင်းရုံနဲ့ မပြီးဘူးလို့ ဖြေချင်ပါတယ်။



**စုလင်းဟန်**
Program Assistant
Communications Department
အခမ်းအနားမှူး

ကျေးဇူးပါ မရည်မွန်။ ဆက်လက်ပြီးတော့ မေးခွန်းတွေကို ဖိတ်ခေါ်သွားပါမယ်။ လက်ထောင်ပြီး မေးခွန်းမေးမြန်းချင်သူများ ရှိပါသလားရှင့်။ ဟုတ်ကဲ့ လောလော ဆယ် Q&A session ကနေ ပေးပို့ထားတဲ့ မေးခွန်းတခုရှိပါတယ်ရှင့်။ အဲဒီမေးခွန်း ကို ကျမ ဖတ်ပြပေးသွားပါမယ်။

ကျားဖြန့်ရှိရာဒေသတွေမှာ ငွေအင်အားသုံးတာ ကွာဟလာမှုကြောင့် ဒေသရဲ့ လူမှုဘဝတွေကို ထိခိုက်လာနိုင်တယ်ဆိုတဲ့ အကြောင်းကို ပြောပြပေးစေလိုပါတယ်။



**ရဲရင့်**
Program Assistant
Conflict, Peace and Security Program
ဆွေးနွေးသူ

ဒီမေးခွန်းကိုတော့ ကျနော်ပဲ ဖြေလိုက်ပါမယ်ဗျ။ ဆိုတော့ စောစောက ကျနော် ပြောခဲ့သလိုမျိုးပဲပေါ့နော်။ ဒီကျားဖြန့်လုပ်ငန်းတွေဟာ လူထုကို ကြီးမားတဲ့သက် ရောက်မှုရှိစေတာ အမှန်ပဲပေါ့နော်။ မေးခွန်းမေးထားသလိုပဲ ငွေကြေးပိုမိုသုံးစွဲ

လာတာတွေ ရှိတယ်ပေါ့နော်။ ဥပမာအားဖြင့် ကျားဖြန့်မှာလုပ်တဲ့လူတွေက ဝင်ငွေပိုကောင်းတယ်။ ပိုကောင်းတဲ့အခါမှာဆိုလို့ရှိရင် လူတွေက ပိုပြီးသုံးလာနိုင်တယ်။ အဲဒီကာလမှာ သူ့ဘေးပတ်ဝန်းကျင်မှာရှိတဲ့လူတွေအနေနဲ့ အားကျလာပြီးတော့မှ လူမှုမညီမျှမှုတွေ အများကြီးဖြစ်လာတယ်။ သဟဇာတဖြစ်မှု တဖြည်းဖြည်းနဲ့ လျော့လာတာတွေ ဖြစ်လာတယ်ပေါ့နော်။ ဒါတွေက ပြန်ပြီးကြည့်ရမယ်ဆိုလို့ရှိရင် ကျားဖြန့်တွေဟာ ငွေကြေးများစွာ သုံးစွဲပြီးမှ သူတို့ရဲ့လုပ်ငန်းဆောင်တာတွေကို ကောင်းကောင်းလည်ပတ်နိုင်အောင် လုပ်ထားတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

အဲဒီတော့ ကျနော်တို့ ပြန်ချိတ်ရမယ်ဆိုလို့ရှိရင် ဒီကျားဖြန့်တွေကြောင့် ငွေကြေးလိမ်လည်ခံရတဲ့အပြင် နောက်ထပ် သီးခြားထပ်ဆောင်းပေါ့နော်၊ အခုမေးခွန်းရှင်မေးတဲ့ မေးခွန်းလိုပဲ ငွေကြေးပိုမိုသုံးစွဲပြီးတော့မှ အခြေခိုင်အောင် လုပ်လာတာတွေ၊ ငွေကြေးပိုမိုသုံးစွဲတာတွေ၊ ဒါတွေဟာ လူထုအကြားမှာ တဖက်နဲ့ တဖက် လူမှုသဟဇာတမဖြစ်တာတွေ ပိုဖြစ်လာစေနိုင်တယ်လို့ ကျနော် ဖြေချင်ပါတယ်ဗျ။



**စုလင်းဟန်**
Program Assistant
Communications Department
အခမ်းအနားမှူး

ဟုတ်ကဲ့၊ ကျေးဇူးပါ။ ကျမတို့ရဲ့ဒီနေ့အစီအစဉ်မှာ မဖြေလိုက်ရတဲ့မေးခွန်းတွေ ရှိနေပါတယ်။ ဒါကို နောက်ပိုင်းမှာ ကျမတို့ အီးမေးလ်ကနေ ပြန်လည်ဖြေကြားသွားပါ့မယ်။ ဒီနေ့တင်ပြခဲ့တဲ့ အချက်အလက်တွေအပြင် တခြားသော သုတေသနတွေ့ရှိချက်တွေကိုလည်း ကျမတို့ရဲ့ website ဖြစ်တဲ့ www.ispmyanmar.com နဲ့ ဆိုရှယ်မီဒီယာတွေမှာလည်း အခမဲ့ ဝင်ရောက်လေ့လာနိုင်ပါတယ်။ အခုအစီအစဉ်ကို အချိန်ပေးပြီး တက်ရောက်လာတဲ့ ကပြင် ရပ်ဝန်းသူ၊ ရပ်ဝန်းသား တဦးချင်းစီကို အထူးကျေးဇူးတင်ရှိကြောင်းပြောရင်းနဲ့ ဒီနေ့အစီအစဉ်ကို ဒီမှာပဲရပ်နားပါရစေ။ ■

# နောက်ဆက်တွဲမေးခွန်းနှင့် ဖြေဆိုချက်

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြုလုပ်ခဲ့သော ‘ISP နှင့်အတူ မိနစ် ၃၀’ အစီအစဉ် ပြုလုပ်ချိန်အတွင်း စာဖြင့် ရေးသားမေးမြန်းခဲ့သော မေးခွန်းကို ပြန်လည်ဖြေဆိုထားခြင်း ဖြစ်ပါသည်။

**လူငယ်အများစုက ကျားဖြန့်မှန်းသိသိနဲ့ သွားရောက်လုပ်ကိုင်ဖို့ ကြိုးစားနေကြပါတယ်။ နိမ်နင်းနိုင်ခဲ့ရင်တောင် ဘယ်လိုဆိုးကျိုးတွေနဲ့ ဆက်ရင်ဆိုင်ရဦးမလဲ။**

ကျမတို့လေ့လာမိသလောက်တော့ ရှမ်းမြောက်ဒေသရော၊ ကရင်ပြည်နယ်မှာရော၊ ကျားဖြန့်လုပ်ငန်းတွေမှာ မြန်မာလူငယ်တွေ အများအပြား သွားရောက်လုပ်ကိုင်တာက အာဏာသိမ်းပြီးနောက်ပိုင်းမှာ တော်တော့်ကိုများပြားလာပါတယ်။ ဒါကလည်း အဘက်ဘက်က ကျပ်တည်းလာတဲ့ အခြေအနေကို မီးမောင်းထိုးပြနေတာပါ။ တွေ့ဆုံမေးမြန်းခဲ့တဲ့သူတချို့ဆိုရင် ဒီလုပ်ငန်းဟာ လိမ်လည်နေတာကို သိသိကြီးကြီးနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ နှိပ်စက်ညှဉ်းပမ်းခံရတာတွေကို သိသိကြီးကြီးနဲ့ ဝင်ငွေရဖို့ လုပ်ကိုင်ခဲ့ကြရတာပါ။

ကျမတို့ အစပိုင်းမှာ ဆွေးနွေးခဲ့သလို ကျားဖြန့်လုပ်ငန်းဟာ ဒီအတိုင်းနှိမ်နင်းရုံနဲ့ ပျောက်သွားမှာမဟုတ်ဘူး။ တရားဥပဒေစိုးမိုးမှု နည်းတဲ့ မြို့ပြတွေဆီကို ပျံ့နှံ့လာတာ၊ တခြားဒေသတွေဆီကို ဝင်ရောက်လာတာတွေ ဖြစ်နိုင်ပါတယ်။ ဒီလိုဖြစ်လာမယ်ဆိုရင် အဘက်ဘက်မှာ ကျပ်တည်းနေတဲ့မြို့ပြဒေသက လူငယ်တွေလည်း ထပ်ပြီးအသုံးချခံ သားကောင်အသစ်တွေ ဖြစ်လာနိုင်ပါတယ်။ ကျားဖြန့်ဟာ နိုင်ငံပေါင်းစုံကို ပစ်မှတ်ထားတာဖြစ်လို့ သူတို့ဘာသာစကားတတ်ရင် တတ်သလောက် အသုံးချတာတွေ ဖြစ်လာနိုင်ပါတယ်။ ဒီကိစ္စက သတိကြီးကြီးစောင့်ကြည့်ရမယ့် အရေးကိစ္စတခုပါ။ ■

Institute for Strategy and Policy-Myanmar

+66 80 747 9712

PO Box 149, Chiang Mai University PO, Chiang Mai, 50202.

info@ISPMyanmar.com

www.ISPMyanmar.com